## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. Nが あります／わかります<br>Nが 好(す)きです／嫌(きら)いです／上手(じょうず)です／下手(へた)です

အချို့သောကြိယာနှင့်နာမဝိသေသနသည် ကံပုဒ်(object)ကို が ဖြင့်ဖော်ပြသည်။

| | |
|---|---|
| ① わたしは イタリア料理(りょうり)が 好(す)きです。 | ကျွန်တော်/ကျွန်မ အီတလီအစားအစာကြိုက်ပါတယ်။ |
| ② わたしは 日本語(にほんご)が わかります。 | ကျွန်တော်/ကျွန်မ ဂျပန်စကားကိုနားလည်ပါတယ်။ |
| ③ わたしは 車(くるま)が あります。 | ကျွန်တော့်/ကျွန်မမှာ ကား ရှိပါတယ်။ |

### ၂. どんな N

どんな ကိုအသုံးပြုထားသောမေးခွန်းစာကြောင်းကိုသင်ခန်းစာ-၈တွင်လေ့လာပြီးသောဖြေပုံဖြေနည်းအပြင်၊နာမည် အတိအကျကိုဖော်ပြ၍လည်းဖြေကြားနိုင်သည်။

| | |
|---|---|
| ④ どんな スポーツが 好(す)きですか。 | ဘယ်လို အားကစားမျိုးကိုနှစ်သက်ပါသလဲ။ |
| ……サッカーが 好(す)きです。 | ……ဘောလုံးကို နှစ်သက်ပါတယ်။ |

### ၃. よく／だいたい／たくさん／少(すこ)し／あまり／全然(ぜんぜん)

အောက်ပါကြိယာဝိသေသနတို့ကို အထူးပြုသော ကြိယာ၏ရှေ့တွင်ထားသည်။

| | အတိုင်းအတာပြုကြိယာဝိသေသန | ပမာဏပြုကြိယာဝိသေသန |
|---|---|---|
| အဟုတ်ပုံစံဖြင့်တွဲ၍သုံးသည် | よく　　わかります<br>だいたい わかります<br>すこし　わかります | たくさん あります<br>すこし　 あります |
| အငြင်းပုံစံဖြင့်တွဲ၍သုံးသည် | あまり　わかりません<br>ぜんぜん わかりません | あまり　 ありません<br>ぜんぜん ありません |

| | |
|---|---|
| ⑤ 英語(えいご)が よく わかります。 | အင်္ဂလိပ်လိုကောင်းကောင်းနားလည်ပါတယ်။ |
| ⑥ 英語(えいご)が 少(すこ)し わかります。 | အင်္ဂလိပ်လို နည်းနည်း နားလည်ပါတယ်။ |
| ⑦ 英語(えいご)が あまり わかりません。 | အင်္ဂလိပ်လို သိပ် နားမလည်ပါဘူး။ |
| ⑧ お金(かね)が たくさん あります。 | ပိုက်ဆံ အများကြီး ရှိပါတယ်။ |
| ⑨ お金(かね)が 全然(ぜんぜん) ありません。 | ပိုက်ဆံ လုံးဝ မရှိပါဘူး။ |

[မှတ်ချက်] すこし၊ ぜんぜん၊ あまり သည်နာမဝိသေသနကိုလည်းအထူးပြုသည်။

| | |
|---|---|
| ⑩ ここは 少(すこ)し 寒(さむ)いです。 | ဒီက နည်းနည်း အေးပါတယ်။ |
| ⑪ あの 映画(えいが)は 全然(ぜんぜん) おもしろくないです。 | အဲဒီရုပ်ရှင်က လုံးဝ စိတ်ဝင်စားဖို့မကောင်းပါဘူး။ |

### ၄. ～から、～

から ၏ရှေ့၌ဖော်ပြထားသောအကြောင်းအရာသည်နောက်၌ဖော်ပြသောအကြောင်းအရာ၏အကြောင်းပြချက်ဖြစ်သည်။

⑫ 時間(じかん)が ありませんから、新聞(しんぶん)を 読(よ)みません。
အချိန်မရှိလို့ သတင်းစာ မဖတ်ပါဘူး။

～から。ဟူသောပုံသဏ္ဍာန်ဖြင့်လည်းအကြောင်းပြချက်ကိုထည့်သွင်းနိုင်သည်။

⑬ 毎朝(まいあさ) 新聞(しんぶん)を 読(よ)みますか。
……いいえ、読(よ)みません。時間(じかん)が ありませんから。
မနက်တိုင်း သတင်းစာ ဖတ်ပါသလား။
……ဟင့်အင်း၊ မဖတ်ပါဘူး။ အချိန် မရှိလို့ပါ။

### ၅. どうして

どうして သည်အကြောင်းပြချက်ကိုမေးမြန်းသောအမေးစကားလုံးဖြစ်သည်။ အဖြေ၀ါကျ၏အဆုံးတွင် から ကိုတွဲ၍ အကြောင်းပြချက်ကိုဖော်ပြသည်။

⑭ どうして 朝(あさ) 新聞(しんぶん)を 読(よ)みませんか。
……時間(じかん)が ありませんから。
ဘာ့ကြောင့် မနက်မှာ သတင်းစာကို မဖတ်တာပါလဲ။
……အချိန် မရှိလို့ပါ။

တစ်ဖက်လူပြောသောစကားကိုမေးမြန်းသောအခါတစ်ဖက်လူမှပြောသောအကြောင်းကိုထပ်ခါပြန်သုံးမည့်အစား どうしてですか ဟုလည်းပြောနိုင်သည်။

| | |
|---|---|
| ⑮ きょうは 早(はや)く 帰(かえ)ります。 | ဒီနေ့ စောစော ပြန်ပါမယ်။ |
| ……どうしてですか。 | ……ဘာဖြစ်လို့ပါလဲ။ |
| 子(こ)どもの 誕生日(たんじょうび)ですから。 | ကလေး မွေးနေ့မို့ပါ။ |